UNITED NATIONS IN MYANMAR

*သတင်းထုတ်ပြန်ချက်*

၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်

**ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၏ အာရှနှင့် ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး မြန်မာနိုင်ငံသို့ လာရောက်မည်**

ကုလသမဂ္ဂ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အာရှနှင့် ပစိဖိတ်ဒေသရုံး၏ ညွှန်ကြားရေးမှူး Mr. Haoliang Xu သည် မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ လာရောက်မည်ဖြစ်ပါသည်။

ခရီးစဉ်အတွင်း Mr. Xu သည် မြန်မာနိုင်ငံ အစိုးရအဖွဲ့၏ အကြီးတန်း ပြည်ထောင်စုဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံမည်ဖြစ်ပါသည်။ တွေ့ဆုံစဉ်တွင် UNDP ၏ အမှုဆောင်ဘုတ်အဖွဲ့မှ အတည်ပြုပြီးဖြစ်သည့် ၂၀၁၈-၂၀၂၂ ခုနှစ် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းအသစ်နှင့် ပတ်သက်၍ လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ၎င်းတို့၏ ဆန္ဒသဘောထားနှင့်အညီ၊ အန္တရာယ်ကင်းစွာ၊ သိက္ခာရှိရှိ၊ စဉ်ဆက်မပြတ် ပြန်လာနိုင်မည့် အခြေအနေကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ UNDP နှင့် UNHCR တို့အကြား ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော သုံးပွင့်ဆိုင် နားလည်မှု စာချွန်လွှာကို အကောင်အထည်ဖော် ဆောင်ရွက်မှုများအကြောင်းကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။ နားလည်မှုစာချွန်လွှာ၏ မူဘောင်အရ UNDP သည် ရခိုင်ပြည်နယ်အတွင်းရှိ အသိုက်အဝန်းများ အားလုံးအတွက် ခံနိုင်ရည် အားကောင်းသော ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ရေရှည်တည်တံ့ခိုင်မာသော ဖွံ့ဖြိုးတိုးတက်မှုများ (ဥပမာ - အသက်မွေးဝမ်းကျောင်းမှုနှင့် အခြေခံ ဝန်ဆောင်မှုများကို လက်လှမ်းမီစေခြင်း) ရရှိစေရန် ကာလတို၊ ကာလရှည် လုပ်ငန်းများကို ရေးဆွဲရာကာ နေရပ်စွန့်ခွာနေရသူများအတွက် အားလုံးပါဝင်နိုင်၍ ရေရှည်တည်တံ့သော နည်းလမ်းများကို ဖြေရှင်းဆောင်ရွက်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇူလိုင်လ ၁၁ ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် Mr. Xu သည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပါသည်။ အဆိုပါနေ့တွင်ပင် Mr. Xu

သည် ကုလသမဂ္ဂ အဖွဲ့အစည်း ၁၂ ဖွဲ့၏ ရုံးခန်းများပါဝင်မည့် နေပြည်တော်ရှိ ကုလသမဂ္ဂ ရုံးအသစ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

၎င်း၏ ခရီးစဉ်တလျှောက်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby နှင့် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Peter Batchelor တို့က လိုက်ပါပို့ဆောင်ပေးမည်ဖြစ်ပါသည်။

**အသေးစိတ် သိရှိလိုပါက ဆက်သွယ်ရန် -**

Shobhna Decloitre
Communications Specialist, UNDP Myanmar
Tel: +95 1 542910 - 19 Ext. 237
Email: shobhna.decloitre@undp.org

Yamon Phu Thit
Communications Analyst, UNDP Myanmar
Tel: + 95 09 7916 39052
Email:yamon.phu.thit@undp.org